The Standard Time Daily
www.sdtimedaily.com
www.facebook.com/standardtimedaily

# AI နှင့် စိုက်ပျိုးရေးတွေ့ဆုံကြရာဝယ် ။ ။ အရည်အသွေးမြင့် ကုန်ထုတ်စွမ်းအင်သစ်ဖြင့် "မျှော်လင့်ခြင်း၏လယ်ယာမြေ"ကို ပြန်လည်အသက်သွင်းခြင်း

တရုတ်နိုင်ငံ၏ စမတ်စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဉာဏ်တု(AI)နှင့် စိုက်ပျိုးရေးတို့၏ နက်ရှိုင်းစွာ ပေါင်းစည်းမှုများသည် သမာရိုးကျထွန်ယက်စိုက်ပျိုးမှုပုံစံကပြောင်းလဲပေးလျက်ရှိပါသည်။ AI နည်းပညာသည် စိုက်ပျိုးရေးလုပ်ငန်းလုပ်အားနည်းပါးချို့တဲ့ခြင်း၊ အရင်းအမြစ်ဆုံးရှုံးခြင်း စသည့်ပြဿနာများ၏ "ဖြေရှင်းပေးသူ" ဖြစ်လာရုံသာမက တရုတ်နိုင်ငံ စိုက်ပျိုးရေးလုပ်ငန်းကို စမတ်ကျစေခြင်း၊ အကျိုးများစေခြင်း၊ စဉ်ဆက်မပြတ်လုပ်ကိုင်နိုင်စေခြင်းဆိုသည့် အဆင့်သစ်တစ်ခုသို့လည်း တိုးမြှင့်ပေးနေပါသည်။ ယခုအပတ်စဉ်တွင် ကျွန်ုပ်တို့သည် တရုတ်နိုင်ငံ ကျေးလက်များသို့ သွားရောက်၍ စိုက်ပျိုးရေးအရည်အသွေးမြင့် ကုန်ထုတ်စွမ်းအင်သစ်က "မျှော်လင့်ခြင်း၏ လယ်ယာမြေ"အား မည်သို့အသက်သွင်းနေသည်ကို သွားရောကလေ့လာကြမည်။



## AI လုပ်သားများ အလုပ်တက်ခြင်း

ယနေ့အခါတွင် ပိုမိုများပြားသော "လယ်ယာသုံးကိရိယာသစ်များ" သည် ခေတ်ဦးစိုက်ပျိုးရေး ပြင်ဆင်မှုအတွက် အမြန်နှုန်းတင်ပေးနေပါပြီ။ လက်ရှိတွင် ကဲ့ကျန်းပြည်နယ် ထုံရှန်းမြို့ ဒစ်ဂျစ်တယ်ပျိုးပင် အနာဂတ်စိုက်ခင်းတွင် ခရမ်းသီးမျိုးနွယ်ဝင် အသီးအနှံများ ကိုင်းဖြတ်စက်ရုပ်များသည် ဘေးနှစ်ဖက်မှ စက်ရုပ်လက်မောင်းများမှတစ်ဆင့် ကိုင်းဖြတ်ရန် ပြင်ဆင်ထားသော ခရမ်းချဉ်သီးပျိုးပင်များကို သေချာ တိကျစွာ ညှပ်ယူပြီး တိုတောင်းသော ၃ စက္ကန့်အတွင်း အကိုင်းဖြတ်မှုလုပ်ငန်းစဉ်တစ်ခုလုံးကို ပြီးမြောက်စေသည်။

၎င်းကိုင်းဖြတ် စက်ရုပ်သည် ခရမ်းချဉ်သီး၊ ငရုတ်သီးစသည့် ခရမ်းသီးမျိုးနွယ်ဝင် အသီးအနှံပျိုးပင်များ၏ လူမဲ့နည်းဖြင့် တိကျသေချာစွာ ကိုင်းဖြတ်မှုကို အကောင်အထည်ပေါ်စေနိုင်ခဲ့ပြီး ကိုင်းဖြတ်အမြန်နှုန်းသည် တစ်နာရီလျှင် အပင် ၅၀၀ မှ ၇၀၀ အထိရှိသဖြင့် ကျွမ်းကျင်လုပ်သား ၂ ဦး၏ အမြန်နှုန်းနှင့် တူညီကာ ကိုင်းဖြတ်ရှင်သန်မှုနှုန်းသည် ၉၉% အထိရောက်ရှိခဲ့ကြောင်း သိရှိသည်။

တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ် မျိုးစေ့ဖောက်အခြေစိုက်စခန်း၏ ဝါခင်းထဲတွင် လူငယ်တစ်အုပ်သည် စက်ရုပ်ကို ထိန်းချုပ်၍ ကွန်ပျူတာကို သယ်ဆောင်ကာ ဝါပျိုးပင်များကို ဗီဒီယို ရိုက်ကူးပေးနေသည်။ ၎င်းတို့ကို လယ်ယာမြေထဲက AI လေ့ကျင့်ရေးဆရာများဟုလည်း တင်စားကြသည်။

ယမန်နှစ် နိုဝင်ဘာလတွင် ပထမအသုတ် ဝါပင်များ ပျိုးကြဲချိန်မှစ၍ ၎င်းအဖွဲ့သည် စက်ရုပ်များဖြင့် ရိုက်ကူးရေး စတင်လုပ်ခဲ့ကြောင်း တရုတ်နိုင်ငံ စိုက်ပျိုးရေးသိပ္ပံကောလိပ် စမတ်ဒစ်ဂျစ်တယ် ဟွာနန်မျိုးစေ့နည်းပညာအဖွဲ့ ပါရဂူကျောင်းသား ဟယ်ဖေ့ထုံ၏ မိတ်ဆက်ပေးမှုအရ သိရှိသည်။ ၇ ရက်တစ်ကြိမ် ရိုက်ကူးမှုပြုလုပ်ပြီး အချက်အလက်မှတ်သားမှုနှင့် AI လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ မတူညီသော ပျိုးပင်ကာလ၊ မတူညီသော မြေသား၊ မတူညီသော အမျိုးအစားရှိသော ဝါပင်များ၏ ရှင်သန်မှု အချက်အလက်များကို မှတ်တမ်းတင်၍ ဝါပင်များ ဆွတ်ခူးချိန်တွင် ပြီးပြည့်စုံသော ပတ်ကြောင်းတစ်ခု ဖြစ်လာစေခဲ့သည်။ ထိုကာလအတွင်း AI သည် အချက်အလက်များကို အဆက်မပြတ် ထည့်သွင်းခြင်းဖြင့် နောက်ဆုံးတွင် "ဝါပင်အသုံးချသင်ခန်းစာ"တစ်ခု၏ ထူးချွန်သော AI ပုံစံကို ရရှိလာစေမည်ဖြစ်သည်။

၎င်း AI ပုံစံများရှိလာသဖြင့် မျိုးစိတ်အရင်းအမြစ် အခက်အခဲဖြတ်ကျော်ရသည့် "ကနဦးတစ်ကီလို" ဖြစ်သော မရေတွက်နိုင်သော လယ်ယာမြေအချက်အလက်များအတွင်း ရွေးချယ်ခြင်းသည် ယခင်က လူဆယ်ဦးကျော်ဖြင့် လဝက်ခန့်လုပ်ဆောင်ရသော လုပ်အားများကို တစ်ညတာအတွင်း လွယ်ကူစွာ ဖြေရှင်းပေးနိုင်သည်။ ပျိုးပင်ကာလ၏ လယ်ယာမြေအတွင်း အခြေခံလုပ်ငန်း အချိန်များကို အလွန်အမင်း လျော့ကျလာစေခဲ့သည်။

## လယ်မြေ "စိုက်ပျိုးတတ်ခြင်း"မှ လယ်မြေ "အသိဉာဏ်ပညာ"သို့

နွေဦးစိုက်ပျိုးရာသီတွင် ဟူပေပြည်နယ် ဝူဟန့်မြို့ ဟွမ်ဖောဒေသ ဝမ်ကျားဟယ်လမ်း လိဇီလယ်ယာ စိုက်ပျိုးရေးစက်ကိရိယာ ကျွမ်းကျင်သမဝါယမအသင်း၌ အကြီးစားစမတ် ထွန်ယက်စိုက်ပျိုးစက်များသည် လယ်ယာစိုက်ပျိုးမှုများ စတင်လုပ်ဆောင်နေပါပြီ။ တရုတ်က ၅၀၀၀ ရှိသော ရေသွင်းစပါးကွင်းများသည် "ပေတို(ခူဝံကြယ်)+လယ်ယာစိုက်ပျိုးရေးကိရိယာ"လုပ်ငန်းစဉ် တစ်လျှောက် လုပ်ဆောင်မှုကို အကောင်အထည်ပေါ်စေခဲ့ပြီး ထိုအထဲတွင် ထွန်ယက်စိုက်ပျိုးခြင်း၊ ပျိုးစိုက်ခြင်း၊ ပျိုးကြဲခြင်း၊ ပျိုးပင်ထိန်းသိမ်းခြင်း၊ ရိတ်သိမ်းခြင်း၊ ကောက်ရိုးပင်ရှင်းလင်းခြင်းနှင့် အခြောက်ခံခြင်း စသည့်အပိုင်းများ ပါဝင်သည်။ "ဒရုန်းအကူအညီနဲ့ ထွန်ယက်စိုက်ပျိုးမှု ပြုလုပ်ပါတယ်။ ဒရုန်းပျံသန်းလမ်းကြောင်းနဲ့ လုပ်ငန်းပရိုဂရမ်ဆက်တင်ချပြီးရင် ကျွန်တော်တို့က စိတ်ချလက်ချ စောင့်ကြည့်လေ့လာနိုင်ပါပြီ"ဟု ၎င်းသမဝါယမအသင်းဥက္ကဋ္ဌ မြောက်ပင်းက မိတ်ဆက်ပြောပြသည်။

ဟယ်နန်ပြည်နယ် ရှန့်ချိန်မြို့ စမတ် စိုက်ပျိုးရေးပလက်ဖောင်း "ဂျုံခင်းကဲ့သို့"၏ "အနီးကပ်ကျန်းမာရေးအတိုင်ပင်ခံ"တွင် စိုက်ပျိုးရေးသမားများသည် ဖုန်းထဲမှ App ကို အသာအယာနှိပ်လိုက်ရုံဖြင့် ဂျုံခင်းများ၏ ရေသွင်းမှုနှင့် မြေဩဇာထည့်မှု အခြေအနေများကို အချိန်မရွေး သိရှိနိုင်သည်။ ဥပမာ၊ စိမ်းလန်းကြီးထွားမှု အချိန်၏ အရေးကြီးသော ကာလများတွင် ပြီးပြည့်စုံသော စိုက်ပျိုးရေးအခြေခံစက်ကိရိယာများ၊ ဆည်မြောင်းရေသွင်းကွန်ရက်နှင့် လမ်းကြောင်းစနစ်များ တပ်ဆင်ခြင်းအပြင် အချို့သော စံနှုန်းမြင့်လယ်ယာမြေများသည် အင်တာနက်နည်းပညာပေါင်းစပ်မှု၊ မိုးလေဝသ စောင့်ကြည့်တိုင်းထွာမှု၊ မြေသားစစ်ဆေးတိုင်းထွာမှုဆိုသည့် စွမ်းအင်များ တစ်သားတည်းပါရှိသော အွန်လိုင်းစမတ်စိုက်ပျိုးရေးစနစ်ကိုလည်း တပ်ဆင်တတ်ကြသည်။

"AI နည်းပညာရဲ့ အသုံးချမှုက စိုက်ပျိုးရေးလုပ်ငန်း ကုန်ထုတ်နှုန်းကို ကြီးမားစွာ မြင့်တက်လာစေပါတယ်။ အရင်တုန်းက စိုက်ပျိုးရေးမှာ အတွေ့အကြုံကို အားကိုးရပြီး အခုတော့ အချက်အလက်တွေကို အားကိုးပါတယ်။" ကဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့ ယွီဟန်ဒေသ ဖုန်ကုန်းဒစ်ဂျစ်တယ် လယ်ယာစိုက်ခင်း၏ တာဝန်ရှိသူ ထုံကျန့်ဖုန်းက စိုက်ခင်းတွင် တည်ထောင်ထားသည့် ဒစ်ဂျစ်တယ် စိုက်ပျိုးရေးလုပ်ငန်း ထုတ်လုပ်မှု စီမံခန့်ခွဲရေးပလက်ဖောင်းသည် ၂၄ နာရီပတ်လုံး ပျိုးပင်ကြီးပြင်းမှုအချက်အလက်များကို အဆက်မပြတ် စုစည်းပေးနိုင်ကြောင်း မိတ်ဆက်ပြောပြသည်။ သမာရိုးကျပုံစံနှင့် နှိုင်းယှဉ်ပါက ၎င်းစမတ်စနစ်သည် စိုက်ခင်းရေသုံးပမာဏကို ၈၀% လျှော့နည်းလာစေပြီး ဆေးသုံးပမာဏကို ၉၀% ကျဆင်းလာစေကာ လုပ်အား ၁၅% နှင့်အထက် တိုးမြှင့်လာစေသည်။

